ဖာလေကျေးရွာ
မိုင်းခတ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(၂၀၁၅ - ၂၀၂၀)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဖာလေကျေးရွာ၊ မိုင်းခတ်မြို့နယ်
(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

CamScanner

မာတိကာ

မာတိကာ ၁
စကားချီး ၄
ဗာလေကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုင်းခတ်မြို့နယ် ၆
အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၇
(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉
(က) တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု
(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၂
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၆
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိန္နရုပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၉

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၉

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၀
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြိုးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၂
(က) ကြိုးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ ၃၆
(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ
ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု
(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းစနစ်
ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုကိုးတက်စေရန်အတွက် အဓွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) ဓိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) ဓိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အဓွင့်အလမ်း၊ ပြဿနာ နှင့် အဓက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အဓက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဓက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အဓက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေ ရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မူခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၈

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၀
ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ကိုးကားစာရင်း ၇၃

အပိုင်း (၈) စီမံချက်ဆိုင်ရာ အချက်အလက် ၇၄
စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ဟေဖယ်ကျေးရွာ၏ ကျေးရွာသူကျေးရွာသားများပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များ နှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်ကို နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ဤ လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာအစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

CamScanner

ဤစီမံချက်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်း အစီ အစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဖာလေကျေးရွာ

မိုင်းခတ်မြို့နယ်

ဖာလေကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုင်းခတ်မြို့နယ်



ရည်ညွှန်း - ဖာလေကျေးရွာ၊ဖာလံကော်ကျေးရွာအုပ်စု၊ မိုင်းခတ်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်း မှ ရယူသည်။(၂၃-၂၄ စက်တင်ဘာ ၂၀၁၅)

CamScanner

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံ အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏာန်း၊ သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏာန်း၊ သတင်းအချက် အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာ များ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရ သော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပုံအပိုးဖြစ်စေ သော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အား ထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများ ကိုစု စည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တာတ်နိုင်သော ငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင်

ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

ရှမ်းပြည်နယ်သည် မြောက်ဘက်နှင့်အရှေ့မြောက်ဘက်တွင် ကချင်ပြည်နယ်နှင့် တရုတ်ပြည်နယ်၊ အရှေ့ ဘက်တွင် လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီးနှင့် တောင်ဘက်တွင် ကယားပြည်နယ်တို့ဖြင့် နယ်နိမိတ်ခြင်းထိစပ်နေပါသည်။ ဖာလေကျေးရွာသည် ကျိုင်းတုံခရိုင် မိုင်းခတ် မြို့နယ်အတွင်းတည်ရှိသောဖာလံကော်အုပ်စုအတွင်းမှ ရွာနှင်းလူမျိုးများ နေထိုင်သောတောင် ပေါ်ရွာ ဖြစ်ပါသည်။

ဖာလေရွာသည် မိုင်းခတ်မြို့၏ အရှေ့မြောက်ဘက်ကပ်လျက်တောင်ပေါ် စကီလိုမီတာသာဝေးသောရွာ ဖြစ်ပါသည်။ အရှေ့ဘက်တွင် မိုင်းယန်းသို့ဖြတ်လမ်း၊ အရှေ့မြောက်ဘက်တွင် နမ့်ငန်တောင်ကျရောင်း (မိုးရွာမှသာစီးဆင်း)၊ မြောက်ဘက်တွင် တောရတောင် နှင့် တောင်ယာများ၊ အနောက်ဘက်တွင်လားဟူရွာနှင့် တောင်ဘက်နှင့်အနောက်တောင်ဘက်တွင် မိုင်းခတ်မြို့တို့ ဝန်းရံတည်ရှိပါသည်။

မိုင်းခတ်သည် ကျိုင်းတုံခရိုင်အတွင်း ကျိုင်းတုံမြို့ကဲ့သို့ပင် ပေ ၃၀၀၀ မှ ၅၀၀၀ ထိမြင့်မားသောတောင်ကုန်းများနှင့် ယင်းတောင်ကုန်းများအကြား ချိုင့်ဝှမ်းလွင်ပြင်များနှင့် တောင်ကျရောင်းများအကြားတွင် တည်ရှိနေသော မြို့ဖြစ်ပါသည်။ နမ့်ခတ်နှင့်နမ့်လွေချောင်းများသည် အဓိကချောင်းများဖြစ်ကြပြီး နမ့်လွေချောင်းသည် မိုင်းခတ်မှကျိုင်းတုံအထိ ရှည်လျားကာ ကားလမ်းမနှင့်အပြိုင်စီးဆင်းနေပါသည်။

မိုင်းခတ်မြို့နယ်သည် ကျိုင်းတုံ၏ရာသီဥတုနှင့်အခြေအနေများ ယေဘုယျအားဖြင့် တူပြီး တစ်နှစ်လျှင် မိုးရေချိန်လက္ခ ၅၀ မှ ၆၀ ကြား ရရှိပြီး အပူချိန် မှာ နွေရာသီတွင် ၃၀C (၁၀၎ F) ဆောင်းရာသီတွင် ၂၁ ' C (၇၀F) ထိရှိပြီး အချို့နှစ်များတွင် ၄C (၄၀F) ထိ အေးမြလေ့ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ရွာ၏အရှေ့နှင့်အရှေ့မြောက်ဘက်ရှိ နမ့်ငန်ချောင်းတွင် သဲနှင့်လမ်းခင်းကျောက်များ ရရှိနိုင်ပါသည်။ ရွာအရှေ့မြောက်ဘက်တွင် သစ်တောအနည်းငယ်ရှိသေးသော်လည်း သစ်ပင်ကြီးများ ရှားပါးသွားပြီဖြစ်ပါသည်။ သို့သော် ဆင်တုံးမနွယ်၊သရင်းကြီးစသော ဆေးဖက်ဝင်အပင်မျိုးများ၊သစ်ခွ နှင့်ဝါး စသည်တို့ကို ရရှိနိုင်ပါသေးသည်။ ချေ၊ တောဂက်စသည့် တောကောင်ငယ်များ ရရှိနိုင်သေးပြီး

တောကောင်ကြီးများမှာမူ မရရှိနိုင်တော့ပါချေ။ ယခုအခါ ရွာပါတ်လည် တောင်ယာများပိုမိုတိုးလာပြီး တောင်ကတုံးများ ဖြစ်လာကြပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

ဖာလေကျေးရွာသည် တောင်ပေါ်ရှုနှင်းကျင်း ရွာတစ်ရွာ ဖြစ်ပြီး ဖာလံကော်အုပ်စုအတွင်း တည်ရှိကာ မိုင်းခတ်မှအရှေ့မြောက်ဘက် ၈၈လိုမိတာအကွာ မိုင်းယန်းမြို့သို့သွားသည် ဖြတ်လမ်းပေါ်တွင် ရှိပါသည်။ ရှုနှင်းကျင်း လူမျိုးများအခြေချနေထိုင်ပြီး အိမ်ခြေစုစုပေါင်း ၅၈ အိမ်ရှိပါသည်။ လူဦးရေစုစုပေါင်း ကျား ၂၀၈ ဦး၊ မ ၂၁၁ ဦး ဖြင့် စုစုပေါင်း ၄၁၉ ဦးရှိသောကြောင့် တစ်အိမ်ထောင်လျှင် ပျမ်းမျှ ၇.၂ဦးနှုန်းနေထိုင်ကြပါသည်။ အလုပ်လုပ်နိုင်သူအသက်အရွယ်တွင် အမျိုးသမီး ၁၆ ဦးထိ ပိုပါသည်။ အမျိုးသမီးဦးဆောင် အိမ်ထောင်စု ၆ စု ရှိပြီး ယင်းမှာ အိမ်ထောင်စု စုစုပေါင်း၏ ၁၀.၃၄ % ကို ကိုယ်စားပြုပါသည်။ ထူးခြားချက်မှာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ အစိတ်အပိုင်းတစ်ခု အဖြစ် အိမ်ထောင်စုစာရင်းများကောက်ခံချိန်တွင် ၁ နှစ်အောက်ကလေး ကျား၊မ မရှိ ခြင်းဖြစ်ပါသည်။ လွယ်လူမျိုး ၅အိမ်ထောင်စုသာရှိကာ ကျန်အိမ်ထောင်စုများမှာ ရှုနှင်းလူမျိုးများ သာ ဖြစ်ပါသည်။

(ခ) စီးပွားရေးအခြေအနေ-(ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု)

ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ဖာလေကျေးရွာတွင် က အဆင့် ၁၅စု၊ ခ အဆင့် ၂၅ စု၊ ဂ အဆင့် ၁၃ စု၊ ဃ အဆင့် ၅ စု ရှိပါသည်။ မြေယာပိုင်ဆိုင်မှုမရှိသူတစ်ဦးမျှမရှိပဲ အနည်း ဆုံး ၀.၅ဧက ပိုင်ဆိုင်ကြပါသည်။ သို့သော် ၂.၅ဧက မှ ၅ဧကအထိ ပိုင်ဆိုင်သူ ၄၅ဦး နှင့် ၂.၅ဧကမှ ၅ဧက ထိပိုင်ဆိုင်သူ ၁၃စုရှိပါသည်။ ထို့ကြောင့် တောင်သူငယ်နှင့် ဆင်းရဲသားတောင်သူသာရှိပြီး အလယ်အလတ်စားနှင့်တောင်သူကြီး တစ်ဦးမျှ မရှိပါချေ။ ထို့ကြောင့် ကျေးရွာ၏ မြေယာဖြန့်ဝေသုံးစွဲမှုမှာ ညီမျှမှု ရှိ သည်ဟု ဆိုနိုင်ပါသည်။

တစ်နှစ်ဝင်ငွေမှာ က အဆင့်မိသားစုများသည် ဂမ်းစာစပါးနှင့် ယွမ်၃၅၀၀(၇သိန်းကျော်)၊ ခ အဆင့် မိသားစုမှာ ဂမ်းစာစပါးနှင့် ယွမ်၃၀၀၀(၆သိန်း)၊ ဂ အဆင့် မိသာစုများတွင် ဂမ်းစာစပါးနှင့်ယွမ်၂၅၀၀(၃ သိန်းခန့်) နှင့် ဃ အဆင့် မိသားစုများတွင် ဂမ်းစာစပါးနှင့် ယွယ် ၁၀၀၀ (၂သိန်းခန့်) တို့ဖြစ်ပါသည်။ က အဆင့် နှင့် ဂ အဆင့် မိသားစုများ၏ ဝင်ငွေကွာဟမှုမှာ ၃.၅ဆ ဖြစ်ပါသည်။ ထို့ကြောင့် ဝင်ငွေတွင်မှု ကွာဟမှုများသည်ဟု ဆိုနိုင်ပါသည်။ သို့သော် ဃ အဆင့် အိမ်ထောင်စုမှာ ၅ စုသာဖော်ပြပြီး ၈.၆၂% ရှိပါသည်။

ကျေးရွာမှာ ရွာဝိုင်းပုံဖြစ်ပြီး ပျဉ်ကာ၊ပျဉ်ခင်း၊အုတ်ကြွပမ်မိုးနှင့်ခြေတံရှည်အိမ်ကြီးမှာ အဆင့် က မိသားစုများဖြစ်ပါသည်။ အဆင့် ခ မိသားစုမှာ ပျဉ်ကာ၊ဝါးခင်း၊သွပ်မိုး၊ခြေတံရှည်အိမ်ကြီးဖြစ်ပြီး ဂ

အဆင့်မီ သားစုမှားမှာ ပျဉ်ကာ၊ဝါးခင်း၊သွပ်မိုး၊ခြေတံရှည်၊အိမ်ကြီးပါသည်။ အဆင့် ၀ မိသားစုများမှာမူ ဝါးကာ၊ ဝါးခင်း၊ သက်ကယ်မိုးဖြစ်ပါသည်။ ရွာ၏ အခြားသော ပိုင်ဆိုင်မှုသင်္ကေတမှာ စပါးကျီများ ဖြစ်ပါသည်။ အိမ်တိုင်းနီးပါး စပါးကျီရှိကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဖာလေရွာသည် ဆင်းရဲနွမ်းပါးမိသားစုအဖြစ် အဓိကထား ဖော်ထုတ်သူများမှာ ၀ အဆင့် မိသားစုများဖြစ်ကာ ၅စုဖြစ်ပါသည်။ ဝမ်းစာဖူလုံမှုတွင် ၃လအောက်ထိ သာဖြေရှင်းနိုင်သူ အိမ်ထောင်စုမှာ ၃ အိမ်ဖြစ်ရာ ကျေးရွာ ၏ ၅.၁၇%မျှဖြစ်ပါသည်။ ၃လမှ ၅ လအထိဖြေရှင်းနိုင်သူမှာ ၁၁စု ဖြစ်ရာ ၁၈.၉၆% ဖြစ်ပါသည်။ ၁၂လအထိ ဝမ်းစာဖူလုံသူ မိသားစုမှာ ၄၄ စုနှင့် ၇၅% ကျော်ဖြစ်ရာ ကျေးရွာ၏ စားနပ်ရိက္ခာဖူလုံမှုမှာ လုံလောက်သောအနေအထား ဖြစ်ပါသည်။

ဖာလေရွာ၏ သဘာဝဘေးအန္တရာယ်ထိခိုက်လွယ်မှုတွင် မီးဘေးသည် ဆုံးရှုံးနိုင်ခြေအများဆုံး ဖြစ်ပါသည်။ ဝါး၊ပျဉ်၊သက်ကယ် စသည့်ပစ္စည်းများကို အသုံးပြုခြင်း အိမ်များနီးကပ်ကာ အိမ်၏ အောက်ထပ်တွင်ပင် ကျွဲနွားများထားရှိခြင်း၊ စပါးကျီအားလုံးမှာလည်း ဝါး၊ထရံများဖြင့် ဆောက်ထား ခြင်းနှင့် ရေရှားပါးခြင်းတို့ကြောင့် တစ်စုံတစ်ရာဖြစ်ပွားလာပါက အလွန်ဆုံး ရှုံးနိုင်ခြေများပါသည်။ သို့သော် ကျေးရွာသမိုင်းတွင်မူ ဖြစ်ပွားဖူးခြင်းမရှိသေးပါချေ။ ရေရှားပါးခြင်း၏ အကျိုးဆက်အဖြစ်မှု မကြာခဏ ဝမ်းရောဂါကို ကြုံတွေ့ရပါသည်။ ၂၀၀၅ခုနှစ်က ဝမ်းလျှောရောဂါကြောင့် ၂၀ဦးခန့် သေဆုံးခဲ့ပါသည်။ မိုးရာသီမှသာ ရေစီးသည့် နမ့်ဒေါ်ချောင်းအနီးတစ်ဝိုက်လယ်ယာများ နှစ်စဉ်ရေ လွှမ်းမိုးခံရပြီး သီးနှံများ ပျက်စီးဆုံးရှုံးမှုကို ကြုံတွေ့ရပါသည်။

ဒေသတွင်းပဋိပက္ခအနေဖြင့် နယ်စပ်ဧရိယာအတွင်းရှိကာ လွန်ခဲ့သော ၂၅နှစ်ခန့်က ၀ နှင့် အခြား တပ်များတိုက်ပွဲဖြစ်ပွားသဖြင့် တစ်ရွာလုံး ၃ လကြာသည်အထိ တောထဲတွင် ပုန်းနေခဲ့ရဖူးပါသည်။

ရှန်းကျင်းဖာလေရွာတွင်လည်း မူးယစ်ဆေးနှင့်အရက်သေစာသည် နေ့စဉ်ကြုံတွေ့နေရသော ပြဿနာတစ်ရပ်ဖြစ်ပါသည်။ မူးယစ်ဆေးပြား အလွယ်တကူရရှိနိုင်ခြင်းသည် ဖာလေရွာသား ကို နိုင်းခတ်တစ်မြို့နယ်လုံးအနေဖြင့် အရေးယူဖြေရှင်းရမည့် အရေးကိစ္စတစ်ရပ်ဖြစ်ပါသည်။ လတ်တလော တွင်မူ ကျေးရွာအနေဖြင့် အသိပညာနည်းခြင်း၊ ရွာသားအများစုမှာ ရှုန်ကျင်းအသိုက်အဝန်းမှလွဲလျှင် အခြားလူမှုအသိုက်အဝန်းများဖြင့် အဆက်အဆံနည်းခြင်းတို့ကြောင့် တစ်စုံတစ်ရာသော ဘေးအန္တရာယ် ကြုံတွေ့လာလျှင် ဖြေရှင်းနိုင်စွမ်းနည်းပါးပါသည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ဖာလေရွာသည် အစိုးရအတန်းပညာတက်ရောက်မှုကို အားပေးမှုနည်းပြီး ရိုးရာအားဖြင့် ဂုံရှမ်းဗုဒ္ဓဘာသာစာပေကို အမျိုးသားများအားဦးစားပေးကာ ကျေးရွာအတွင်းရှိ ဘုန်းကြီးကျောင်းတွင် သင်ကြားစေပါသည်။ သို့သော် အပြောစကားမှာမူ ရှုန်ကျင်းစကားကိုသာပြောဆို ကြပါသည်၊ ထူးခြားချက်မှာ ရှုန်ကျင်းတို့သည် ရှမ်းဘာသာစကား (ဂုံနှင့်အခြားရှမ်းဘာသာ) များ၊ ထိုင်း ဘာသာ

ဖကား၊ အာဓါစကားတို့ကို တတ်ကျွမ်းပြီး အမျိုးမှာ မြန်မာဘာသာစကားကို နားလည်သော်လည်း ကျွမ်းကျင်စွာပြန်လှန်ပြောဆိုဆက်ဆံနိုင်သည့်သူ နည်းပါသည်။ ထို့ကြောင့် ဘာသာရေးအခြေပြုပညာတတ်မြောက်သူဦးရေ ကျား ၇၁ဦးနှင့်မဦး ပေါင်း ၈ ဦးတို့ဖြစ်ကာ မူလတန်းပညာပြီးဆုံးသူဦးရေ ကျား ၁၃ဦး၊ မကဦး ပေါင်း ၂၀ဦးတို့ဖြစ်ပါသည်။ လုံးဝကျောင်းမနေသူဦးရေမှာ ကျား ၁၀၈ ဦးနှင့်မ၁၈ဦး ပေါင်း ၂၈ဖဦး ဖြစ်ပါသည်။ ထို့ကြောင့် ဘာသာရေးအခြေပြုအပါအဝင် အတန်းပညာ တတ်မြောက်သူ ရာခိုင်နှုန်းမှာ ကိုးနှစ်အထက်လူဦးရေ၏ ၂၀.၃၃%သာရှိပါသည်။ လက်ရှိမူလတန်းတက်ရောက်သူ ဦးရေမှာ ကျား ၁၄၊ မ ၁၀ ပေါင်း ၂၄ ဦးသာရှိပါသည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးမွေးမြူရေးသာ အဓိကလုပ်ငန်းဖြစ်ကာ ပန်းဘဲဝဦးဆိုသည်မှာလည်း စားသွေးနှင့်လှည်းနွားအတွက် အနည်းငယ်လိုအပ်သည့်အရာများကိုသာ လုပ်ကိုင်ခြင်း ဖြစ်ပါသည်။ ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံ တာချီလိတ်မြို့နယ်စပ်များတွင် စိုက်ပျိုးရေးလုပ်ငန်းများတွင်ပင် တောင်သူအငှားအဖြစ် သွားရောက်လုပ်ကိုင်ကြသည်ဟု ဆိုပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ဖာလေကျေးရွာ၏ လူဦးရေဆိုင်ရာအချက်အလက်များဇယား ၁ အရ မဦးရေသည် ကျားဦးရေထက် ပိုမိုပါသည်။ အမျိုးသမီးဦးဆောင်အိမ်ထောင်စုပေါင်း ၆စုရှိပါသည်။ ကျား မ ဆက်နွယ်မှုတွင် သိသာသည့်အချက်မှာ ဘုန်းကြီးကျောင်းတွင် ဂုဏ်ရမ်းစာသင်သူများအနက် အမျိုးသမီး ၁ ဦးသာပါခြင်းဖြစ်ပါသည်။ ဘုန်းကြီးကျောင်းတွင်သင်ကြားရခြင်းဖြစ်၍ မိန်းကလေးများသင်ယူရန် အခက်အခဲရှိပါသည်။ ကျေးရွာအစည်းအဝေးတွင် အမျိုးသမီးများတက်ရောက်ခဲ့ပြီး ကျေးရွာ၏အရေးပါ သော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်မူ ပါဝင်လုပ်ဆောင်ခြင်းမရှိပါချေ။ သီးခြားဓလေ့ထုံးတမ်အားဖြင့် ဗုဒ္ဓဘာသာကိုးကွယ်ရာတွင် အပျိုအဖွဲ့၊ လူပျိုအဖွဲ့နှင့် ဂေါပကအဖွဲ့တို့ ဖွဲ့စည်းထားရှိပြီး ကဏ္ဍအလိုက်တာဝန်ချထားပေး လုပ်ဆောင်ပါသည်။ သက်ငယ်လက်ထပ်မှုများပြီး သက်ငယ်ကိုယ်ဝန်ဆောင်မီးဖွားမှုများ ရှိနေပါသေးသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ဖာလေရွာ၏ စီမံအုပ်ချုပ်မှုတွင် ကျေးရွာလူကြီး သို့မဟုတ် ရာအိမ်မှူးသည် အုပ်စုအုပ်ချုပ်ရေးမှူးမှ တစ်ဆင့်သော်လည်းကောင်း တိုက်ရိုက်သော်လည်းကောင်း အုပ်ချုပ်ရေးရာများ၊ ဌာနများဖြင့်

ဆက်စပ်ရာတွင် အဓိကတာဝန်ယူလုပ်ဆောင်ပေးရသည့်သူဖြစ်ပါသည်။ အုပ်ချုပ်ရေးအဖွဲ့ဟု ဖွဲ့စည်းထားရှိပြီး အမျိုးသားများသာ ပါဝင်ပါသည်။

(၉) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ဖာလေရွာတွင် လယ်မြေ ၇.၅ဧကေ၊ ယာမြေ ၉၁.၃ ဧကေ၊ ရွာပိုင်ဧကေ ၃၀ဧကေ ဖြင့် စုစုပေါင်း ၁၂၈.၈ဧကဖြစ်ပါသည်။ ထို့ကြောင့် တစ်အိမ်ထောင်လျှင်ပျမ်းမျှ ၁.၈၆ ကေ နှုန်း စိုက်ပျိုးလုပ်ကိုင်သူဖြစ်ပါသည်။ ယာစပါးကို ဧက ၅၀ခန့်စိုက်ပျိုးပြီး ၃၀ကီလိုအိတ်ဖြင့်ချင် တွယ်ကာ တစ်ဧကလျှင်ပျမ်းမျှ ၂၂အိတ်ထွက်ရှိသောကြောင့် ၆၆၀ ကီလိုထွက်ရှိပါသည်။ လယ်စပါးစိုက်ပျိုးဧကမှာ ၇.၅ကေသာမိုးကောင်းသောက်ဖြင့်စိုက်ကာ တစ်ဧကပျမ်းမျှထွက်နှုန်း ၅၅ အိတ်ဖြစ်သောကြောင့် ၁၆၅၀ကီလိုထွက်ရှိပါသည်။ စပါးနှစ်မျိုးလုံးကို ဝမ်းစာအတွက်သာစိုက်ပျိုးကြပါသည်။ ပြောင်းဖူးကို ဝင်ငွေရသီးနှံအဖြစ်စိုက်ပျိုးကာ စီပီပြောင်းမျိုးကို စိုက်ပျိုးပြီး မိုင်းခတ်၊မိုင်းယန်းသို့ရောင်းချကြပါသည်။ ပြောင်းဖူးစိုက်ဧက ၃၀ခန့်ဖြစ်ကာ ထွက်နှုန်းတစ်ဧက ၆၀၀ အိတ်ဖြင့် ၁၈၀၀ ကီလိုထွက်ရှိပါသည်။ ဝဲပုတ်စိုက်ပျိုးဧက ၁၀ဧကခန့်ဖြစ်ပြီး ထွက်နှုန်းတစ်ဧက ၉အိတ်ဖြင့် ၂၇၀ ကီလိုထွက်ရှိပါသည်။

လားဟူရွာများကို ရှုန်ကျင်းနယ်မြေများအနီး အစိုးရကအခြေချပေးသည်မှစကာ ရွာ၏စိုက်ပျိုးမြေများ အကန့်အသတ်ဖြစ်လာခဲ့သည်ဟု ဆိုပါသည်။

အိမ်များကို ခြေတံရှည်ဆောက်လုပ်ပြီး အိမ်အောက်ထပ်တွင်ပင် နွားများကိုထားရှိကာ နေဘက်တွင်မူတောထဲသို့ လွှတ်ကျောင်းလေ့ရှိပါသည်။ ကောက်ခံရရှိသောစာရင်းများအရ နွားမွေးမြူသူအိမ်ထောင်စု ၂၆ အိမ်ထောင်စုဖြင့် ကောင်ရေ ၅၆ကောင်မွေးမြူထားရှိပါသည်။ ဝက်နှင့်ကြက်ကိုမူ အိမ်တိုင်းနီးပါးမွေးမြူကာ စာရင်းပြကောင်ရေ ၀က် ၁၃၀ ကောင်၊ ကြက် ကောင်ရေ ၉၀ခန့်မွေးမြူထားရှိပါသည်။ ဈေးကွက်ရှိပြီး မိုင်းလွှမိုင်းယန်းမှ လာဝယ်လေ့ရှိပြီး နွားကြီးတစ်ကောင် ၆သိန်း၊ ဝက်သားပေါက်တစ်ကောင် ၂ သောင်းခန့်ပေါက်ဈေးရှိပါသည်။

မြစိမ်းရောင်အရင်းမပျောက်လည်ပါတ်ရန်ပုံငွေကို ရရှိထားပြီး ဂေါပကအဖွဲ့ငွေတို့ရှိကာ အသက်မွေးဝမ်းကျောင်းအတွက် ချေးယူလေ့ရှိပါသည်။

(၈) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ယိုးဒယားသို့သွားရောက်သည့် လူဦးရေအတိုအကျမရရှိသော်လည်း အိမ်တိုင်းနီးပါးသွားရောက်ကြပြီး စိုက်ပျိုးရာသီကုန်ပါက ရွာသို့ပြန်လာလေ့ရှိပါသည်။ မိုင်းခတ်၊ မိုင်းယန်းတို့သို့ သွားရောက်ခြင်းရရာအလုပ်ကိုလုပ်ကိုင်ကြကြောင်း သိရပြီး ရွာအတွင်း အခြားလုပ်ငန်းတွဲသူ ပန်းဘဲ ၂ ဦးရှိကာ ဓါးပြင်ဓားသွေးမျှသာဖြစ်ပါသည်။ ဆန်စက် ၃လုံးရှိပြီး ကျေးရွာမှအိမ်ထောင်စု ၂၃စုက ပေါင်းပြီး၀ယ်ယူထားရှိကာ အခြားအိမ်များက ဆန်ကြိတ်လျှင် ဆန်ကြိုအဖြစ် ပုဒ္ဓန် (၂) ကောင်ပုံး ၁ ပုံးကျလျှင် ၅၀၀ ကျပ် ကောက်ခံပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစိစံခန့်ခွဲမှု

ကျေးရွာတွင် ဆိုးရွားသည့် ကြီးမားသော သဘာဝဘေးအန္တရာယ်မကြုံတွေ့ရသေးချေ။ အရံမီးသတ်သင်တန်းတက်ရောက်ပြီးစီးသူ ၂ ဦးရှိပြီး ကျေးရွာအတွင်း မီးဘေးသတိပေးခြင်းကို အထူးသဖြင့် နွေရာသီတွင် လုပ်ဆောင်ကြပါသည်။ ရွာ ပိုင်သစ်တော ၃၀၈ကအတွင်း သစ်ပင်မျိုးစိတ်များကို ရနိုင်သမျှထိန်းသိမ်းထားရှိပါသည်။ ရွာအပေါ်ဘက် တောင်ကုန်းမှ မိုးရာသီတွင် တောင်ကျချောင်းရေစီးဆင်းမှုများပြီး ရေအားများခြင်းကြောင့် ရေစီးကြောင်းပေါ်လာပြီး ရေတိုက်စားမှုခံရသည့်နေရာများရှိပါသည်။ ၂၀၁၄ခုနှစ်က မိုးများပြီးရေစီးကြောင်းဝင်ရာ လမ်းကြောင်းပေါ်ရှိ ဘုန်းကြီးကျောင်းအုတ်နံရံပြိုကျခြင်းကြုံတွေ့ခဲ့ရပြီး လွန်ခဲ့သောဖဖွန်စခန့်တွင်မှု လေပြင်းများကျရောက်မှုကြောင့် ဘုန်းကြီးကျောင်းအမိုးလန်သွားခဲ့ပါသည်။ လားဟူများအခြေချဝင် ရောက်ရာမှ တောင်ယာများ ချဲ့ထွင်ရန် သစ်တောအပြိုင်ခုတ်ရခြင်းကြောင့် သစ်တောများပြုန်းတီးလာပြီး လေပြင်းတိုက်ခံရခြင်း သည် ရာသီဥတုပြောင်းလဲခြင်း၏ ကနဦးအကျိုးဆက်အဖြစ်ခံစားရခြင်းဖြစ်ပါ သည်။

(င) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြစိမ်းရောင်၊ လှည့်ပါတ်ရန်ပုံငွေ နှင့် ဂေါပကမှစိစံသည့် ဘုရားရန်ပုံငွေတို့ရှိပြီး ။ ပုဂ္ဂလိက ချေးငွေများကို ရယူခဲ့ပြီး မွေးမြူရေးအတွက် ချေးငွေရယူလိုကြောင်း ဖော်ထုတ်ကြပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

မူလတန်းကျောင်းကို ၂၀၀၃ခုနှစ် တွင် မူလတန်းကျောင်းစတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၃ခုနှစ်တွင် ကျောင်းဆောင်သစ်တစ်ဆောင်ကို ဆောက် လုပ်နိုင်ခဲ့ပါသည်။ ရွာတွင်းတွင်ပင် ကျောင်းရှိပြီး ကျောင်းဆောင်သစ်မှာ ၆၀×၃၀×၁၂ ဖြင့် အုတ်ကာ တမံသလင်းခင်း၊ သွပ်မိုး ၂ ခန်းတွဲဖြစ်ကာ ကျောင်းဆောင်ဟောင်းမှာ ၃၀×၂၀×၁၂ အုတ်ကာ၊သွပ်မိုး တမံသလင်းခင်းမှာပေါက်နေခြင်းကြောင့် မသုံးတော့ဘဲ ပိတ်ထားပါသည်။ ကျောင်းသုံးပရိဘောဂလုံလောက်မှုရှိပြီး ဆရာမ ၂ ဦးခန့်အပ်ထား ရှိပါသည်။ ဆရာ-ကျောင်းသားအချိုး ၁:၁၂ ဖြစ်ပါသည်။ ကလေးများကို ပညာရေးအားပေးမှုနည်းပါးပြီး ကလေးအားလုံးကျောင်းမနေ၍ ဆရာမများမှ ကလေးများကို ကျောင်းအပ်ရန်လိုက်လံတွေ့ရပြီး ကျောင်းအပ်ထားပေးရပါသည်။ သို့သော် စာသင်နှစ်ဝက်ရောက်လျှင် ထက်ဝက်ခန့် ကျောင်းမတတ်တော့ပဲ မိဘများက ထိုင်းနယ်စပ်သို့အလုပ်သွားလုပ်လျှင်လိုက်ပါသွား တတ်ကြပါသည်။ မိဘ၊ ဆရာအသင်းဖွဲ့စည်းထားရှိသော်လည်း မည်သည့်လှုပ်ရှားမှုမျှမရှိပါချေ။

ဖာလံကော်အုပ်စုရွာတွင်သာဆေးခန်းရှိပြီး ၈ ကီလိုမီတာဝေးရာ မိုင်းခတ်မြို့နှင့် အကွာအဝေးညီမျှကာ တောင်ကြောများအကြား သွားလာရခက်ခဲသဖြင့် မိုင်းခတ်သို့သာ ဆေးရုံပြလေ့ရှိပါသည်။ ရွာအတွင်း လာရောက်ကုသသောအဖွဲ့တစ်ဖွဲ့လည်းရှိပြီး ရာသီအလိုက်လာရောက်ကုသပေးလေ့ရှိကာ အဖွဲ့နာမည် သိရခြင်းမရှိပါချေ။

ရေနှင့်ပါတ်ဝန်းကျင်သန့်ရှင်းရေးမှာ ဖာလေရွာ၏အခက်အခဲ ပြဿနာတစ်ရပ်ဖြစ်ကာ ပြီးခဲ့သော နှစ်အနည်းငယ်က ကြဲမိုင်ရေးပါတီ၏ထောက်ပံ့မှုဖြင့် မိုင်းယန်းသွားလမ်းလျှိုအောက် ရေထွက်မှ ရွာအတွင်း ရေစုကန်သို့ စုကာပိုက်များဖြင့် သွယ်တန်းရန်စီမံခဲ့ပြီး သွယ်တန်းဆဲ အခြေအနေ တွင်ပင် ဖြစ်ပါသည်။ နည်းပညာအကူအညီ လိုအပ်နေသောအခြေအနေ ဖြစ်ပါသည်။

ဘုန်းကြီးကျောင်းဝင်းအတွင်းတွင် နှစ်ခန်းတွဲ ရေလောင်းအိမ်သာ ၂ လုံး၊ မူလတန်းကျောင်း အတွင်း ဆရာမ ၂ ဦးသုံးစွဲရန်အတွက် ရေလောင်းအိမ်သာ ၁ လုံးသာရှိကာ ကျန်အိမ်အားလုံးမှာ ထောထိုင်သာ ဖြစ်ပါသည်။ ရေမရရှိခြင်း နှင့် ရွာမြေထပ်မံချဲ့တွင်ရန်ခက်ကာ အိမ်များကပ်လျက် တည်ဆောက်သည့် အလေ့ကြောင့် အိမ်သာဆောက်ရန်အခက်အခဲရှိပါသည်။ အကျိုးဆက်အဖြစ် ဝမ်းရောဂါများမကြာခ ဏ ခံစားရပါသည်။

အခွိုက်ကို ရွာအနောက်တွင်သာ စုပုံစွန့်ပစ်ကြပြီး သန့်ရှင်းရေးကောင်းမွန်လာအောင် လုပ်ဆောင် ရန် လိုအပ်သောအနေအထားဖြစ်ပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာလူငယ်များသည် များသောအားဖြင့် ရိုးရာဓလေ့အရ တာဝန်ယူလေ့ရှိပြီး ပွဲတော်များ တွင် အားလုံးပါဝင်ဆင်နွှဲကြပါသည်။ **ရှန်ကျင်းရိုးရာပွဲများ**ကို အခြားရှန်ကျင်းရွာများနှင့် ကျေးရွာ အတွင်းတွင် ကျင်းပကြပါသည်။ ကျိုင်းတုံဖာလျန်ဘုရားကျောင်းများနှင့်လည်း ချိတ်ဆက်မှုရှိပြီး ပွဲတော်များမှအပ သီးခြားစည်းဝေးတွေ့ဆုံမှုနည်းပါးပါသည်။ တစ်ရွာလုံးသည် ထိုင်းဘာသာဖြင့် လွှင့်သော စလောင်းများတပ်ဆင်မှုများကာ ဖျော်ဖြေရေးကိုလည်း ယင်းရပ်သံများမှတစ်ဆင့်သာ ရယူ ကြပါသည်။

(ဇ) အခြေခံ အဆောက်အဦ - (လက်လှမ်းမှီ ရယူမှု)၊ လမ်း၊လျှပ်စစ်မှမ်းအား၊ သတင်းနှင့် ဆက်သွယ် ရေး

ဖာလေ-မိုင်းခတ်လမ်းသည် ရွာမြောက်ထိပ်တွင်အဆုံးသတ်ပြီး မြေသားလမ်းချည်းသာဖြစ်ပါ သည်။ ကျန်ရွာတွင်းလမ်း ၃ လမ်းသည်လည်း မြေသားလမ်းများသာဖြစ်ကာ ရွာအိမ်ခြေများအကြား သွားလာရသောလမ်းများသာများပါသည်။

ဆိုလာပြားဖြင့် လျှပ်စစ်ဓါတ်အားသုံးစွဲသူအိမ်ထောင်စု ၃၉စု သာရှိပါသည်။ မော်တော်ဆိုင်ကယ် ၅၄ စီးရှိကာ တယ်လီဖုန်း ၁၃ လုံးရှိကာ ထိုင်းစလောင်းလိုင်းကိုသာ အကြည့်များပါသည်။ ကျေးရွာအုပ်စု စာရေးကသာ အရေးအကြောင်းရှိလျှင် ဆက်သွယ်ပေးရပြီး ရွာအနေဖြင့်မူ အသက်မွေးဝမ်းကျောင်း အတွက်သာ မိုင်းခတ်မြို့သို့ လာရောက်လုပ်ကိုင်လေ့ရှိပါသည်။

ရွာတွင်းလမ်း ၁လမ်းနှင့်ချဉ်းကပ်လမ်း၁လမ်းရှိကာ ရွာတွင်းလမ်း၏ သုံးပုံ၂ပုံသည် ကွန်ကရစ် လမ်း ဖြစ်ပါသည်။ ရွာသည်တောင်စောင်းအလိုက် အဝိုင်းပုံဖြစ်နေပြီး ရွာလယ်တွင် နှစ်ခြင်း ဘုရား

ကျောင်းနှင့် အထက်တွင် ခပ်ဆင်ဆင်အုပ်ချုပ်ရေးကျောင်းတို့ တည်ရှိပါသည်။ ၂၀၀၈ခုနှစ်တွင်တစ်ကြိမ် ပြုပြင်မွမ်းမံပြီး ၂၀၁၄ခုနှစ်တွင် ထပ်မံပြုပြင်ထားပါသည်။ တိုက်ဆိုင်မှုများမှာ နှစ်ဆက်တိုက်ရှာဖွေအထိ ၂၈၄း၆၁၀ နှင့် ၁၀၀၁၅ ဖြစ်ကာ ကွန်ကရစ်တိုက်ဆိုင်မှုများဖြစ်ကြပါသည်။ သံပြိန်ဒဏ်ကို ရှာလမ်းမ နှစ်ဖြင်းတိုရှားကျောင်းအလွန်တွင် တည့်ဘွင်းထားပြီး ၁၀၂၀ခန့်ရှည်ကာ အချင်း ၆ လက်မခန့် ဖြစ်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

ဖာလေရွာသည် သာမန်အားဖြင့် ပဋိပက္ခမရှိပဲ ငြိမ်းချမ်း ပါသည်။ မိုင်းခက်နှင့်နီးကပ်ပြီး အချိန်မရွေး ရဲစခန်းများကို လက်လှမ်းမီပါသည်။ လားဟု ရွာနှင့်မတည့်ပဲ အနည်းငယ်တင်းမာမှု ရှိပါသည်။

၅။ ကျေးရွာပုံဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာပုံဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ပုံဖြိုးရေးအမြင်များ တိုးတက်လာစေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက်နိုင်မှုတို့မှာ အဓိကအချက်များ ဖြစ်ပါသည်။ တို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင်မည့်နည်းလမ်း သို့မဟုတ် ကျေးရွာပုံဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာအတွင်း လက်ရှိ ပုံဖြိုးရေးအခြေအနေ၊ ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်ချက်များ၊ နောင်လိုလား အပ်သည့် ပုံဖြိုးတိုးတက်မှု၊ ယင်းပုံဖြိုးတိုးတက်မှုကို မည်သို့မည်ပုံ ဖော်ဆောင်မည် စသည့်တို့ သည်ပင် ပုံဖြိုးရေးဗျူဟာအတွင်း ကြောင်းကျိုးဆက်စပ် ပါဝင်ရမည် ဖြစ်ပါသည်။

(က) ပုံဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

တောင်ဘောင်းတစ်လျှောက်တည်ထားသောရွာဖြစ်ပြီး သစ်တော ဧရိယာအတွင်းရှိခြင်းကြောင့် သစ်တော သယံဇာတအချို့ကို လက်လှမ်းမီသော်လည်း ယခုအခါသစ်တော ပြုန်းတီးမှုကြောင့် သစ်ပင်ကြီးများကျန် ရှိခြင်းနည်းပါးပါသည်။ မိုင်းခက်အနီးအမြင့်ဆုံးသောနေရာတွင်ရှိပြီး မိုင်းခက်ကို အကျယ်အပြောလှမ်း မြင်နိုင်သောနေရာဖြစ်ခြင်းကြောင့် သစ်တောထိန်းသိမ်းနိုင်ပါက သဘာဝအခြေခံ စရိုးသွားလုပ်ငန်းများ တိုးတက်လာရန် အလားအလာရှိပါသည်။ ရွာနှင့်ကျင်းဝလေနှင့်ရိုးရာဝါးကိုဖြာပြီး ဥပုသ်နေ့တိုင်းခြင်းဖြာခြင်း၊ တံခွန်တိုင်ပြုလုပ်ပြီး ပူဇော်သည့် ရိုးရာများကို ဘာသာစကားနှင့်အတူ ထိန်းသိမ်းထားရှိနိုင်ခြင်းသည် ကျေးရွာ၏အားသာချက်ပင်ဖြစ်ပါသည်။ လူဦးရေတည်ငြိမ်တိုးတက်ပြီး လူငယ်များစုစည်းမှု အားကောင်းပါသည်၊ ရွာဝိုင်သစ်တော ဇက ၃၀၀ခန့်ကို ထိန်းသိမ်းထားနိုင်ခြင်းသည်လည်း အားသာချက်တစ်ရပ် ဖြစ်ပါသည်။ မိုင်းခက်နှင့်နီးကပ်က ၁၅မိနစ်ခန့်သာ ဆိုင်ကယ်စီးရပြီး

အချိန်မရွေး ဆက်သွယ်သွားလာနိုင်ခြင်းသည် ကျေးရွာအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်သည့် အားသာချက်ဖြစ်သည်။

(၈) အဟန့်အတားနှင့် စိန်ခေါ်မှုများ

တောင်စောင်းတစ်လျှောက်တည်ထားခြင်းကြောင့် နေရာ အကျယ်အဝန်းမှာ သဘာဝအကန့်အသတ်ဖြစ်နေပြီး ထပ်မံချဲ့ထွင်နိုင်ခြင်းမရှိတော့ချေ။ လားဟူကျေးရွာအခြေချလာခြင်းကြောင့် ရွှေပြောင်းတောင်ယာ စနစ်ဆက်လက်ကျင့်သုံးရန် မဖြစ်နိုင်တော့ပဲ မြေယာကိုတိုင်းတာ သတ်မှတ်လိုကြသော်လည်း ဌာနများဖြင့် ချိတ်ဆက်လုပ်ဆောင်မှုနည်းပါးခြင်းက ကျေးရွာ၏ရုံးရာဝေလေ့အရ မြေယာစီမံခန့်ခွဲမှုကိုလက်လွတ် ဆုံးရှုံးနိုင်သည့် စိန်ခေါ်မှုဖြင့် ကြုံတွေ့နေရပါသည်။

တောပြုန်းခြင်းကို တောင်ကတုံးများက သက်သေပြနေပြီး သိသာသည့်အကျိုးဆက်အဖြစ် လေပြင်းတိုက်ခတ်မှုကို ပိုမိုခံစားလာရခြင်း တောင်ကျရေစီးကြောင်းများ တိုက်စားခံရခြင်းတို့ကို တွေ့ကြုံရခြင်းတို့ ဖြစ်ပါသည်။ ဘာသာစကားအခက်အခဲကြောင့် အစိုးရဌာနများကို ပေါင်းစပ်ရန် တံ့နှေးလေ့ရှိခြင်းနှင့် ပညာရေးကိုအားမပေးလိုခြင်းသည် ရွာနှင့်ပါတ်ဝန်းကျင်လူမှုအသိုက်အဝန်းများ ဆက်စပ်ခြင်းကို အဟန့်အ တားဖြစ်စေပါသည်။

၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင် နှင့် ဗျူဟာ

ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက် ရှိရေးအကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ထားခဲ့ကြပါသည်။

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များ အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) လက်ရှိကျင့်သုံးနေသော ဧလေထုံးတမ်းအရ မြေယာစီမံခန့်ခွဲမှုမှ ကျေးရွာ၏မြေယာများ သတ်မှတ်ထိန်းသိမ်းထားရှိနိုင်ရေးဆောင်ရွက်ရန်

(၂) စိုက်ပျိုးရေးမွေးမြူရေးနည်းပညာများရရှိစေရေး သက်ဆိုင်ရာဌာနများဖြင့် ပိုမိုပေါင်းစပ်လုပ်ဆောင်ခြင်းဖြင့် သီးနှံသားငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန်

(၃) သောက်သုံးရေနှင့်ပါတ်ဝန်းကျင်သန့်ရှင်းရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်

(၄) မိုင်းခတ်-ဖာလေ ပြေသားလမ်းကို ရာသီမရွေးစီတ်ချလုံခြုံစွာသွားလာနိုင်အောင် ပိုမိုးတိုတက်ဖြင့် တင်ရန်

(ဈ) နည်းဗျူဟာ

လက်တွေ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကိုကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

ကျေးရွာအတွင်း ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေး၊ ဖွဲ့စည်းထားရှိပြီးဖြစ်သော ကျေးရွာဖွံ့ဖြိုးမှုကော်မတီတို့က သက်ဆိုင်ရာဌာနများဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ချိတ်ဆက်ကြမည်ဖြစ်ပါသည်။ ယင်းကော်မတီအနေဖြင့် ကျေးရွာအတွင်းရှိ သက်ဆိုင်ရာ ကျေးရွာအခြေပြုအဖွဲ့အစည်းများဖြင့် တွဲဖက်ကာ သင့်လျော်သည့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းပါဝင်နိုင်မည့်အချိန်များကို ဖော်ထုတ်သတ်မှတ်ကာ ဖွံ့ဖြိုးရေးစီမံကိန်း များကိုရေးဆွဲခြင်း၊ ကြီးကြပ်အကောင်အထည်ဖော်ခြင်း၊ ကျေးရွာလူထုသို့ စီမံကိန်းအကောင် ထည်ဖော်မှုအခြေအနေများကို စာရင်းဇယားနှင့်တကွတင်ပြခြင်း၊ အမေးအဖြေပြုခြင်းများဖြင့် ဆက်လက်တိုးတက်လုပ်ကိုင်မည် ဖြစ်သည်။

သက်ဆိုင်ရာ ဦးစားပေးကဏ္ဍများဖြစ်သော စီမံအုပ်ချုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အ သက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ဒွေကြေးဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ လူငယ်၊ ယဉ်ကျေးမှုနှင့် အမျိုသမီးကဏ္ဍ စသည်တို့ကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နည်းပညာများရရှိလက်လှမ်းမီရန်နှင့် အထောက်အပံ့များရရှိစေရန် သက်ဆိုင်ရာဌာနများ၏ ချိတ်ဆက်ပံ့ပိုးပေးမှုများအလွန်လိုအပ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မိုင်းခတ်မြို့နယ်ဌာနများ၊ အထက်ခရိုင်၊ပြည်နယ်နှင့်တိုင်းပြည်ထောင်စုအဆင့်မူဝါဒများဖြင့် ချိတ်ဆက်မိမိ ဟန်ချက် ညီညီအကောင်ထည်ဖော်နိုင်ရန်လိုအပ်ပါသည်။

(က) ဖာလေရွာ၏ စိုက်ပျိုးရေးကဏ္ဍတွက် လတ်တလောစိန်ခေါ်ချက်ထက် ရေရှည်ဖြစ်လာမည့် မြေယာအကန့်အသတ်ရှိခြင်းက ကျေးရွာကို သက်ဆိုင်ရာဝန်ဆောင်မှုပေးမည့်ဌာနများဖြင့် ချိတ်ဆက်နိုင်ရန်လိုအပ်ကြောင်း ပြဆိုနေပါသည်။ မွေးမြူရေးကဏ္ဍတွင်လည်း အလားတူချိတ်ဆက်ရန်လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက် အကျိုးသက်ဆိုင်သူများဖြင့် တိုင်ပင်ဆွေးနွေးခြင်း၊ သက်ဆိုင်ရာဌာနများသို့ တင်ပြအကူအညီတောင်းခံခြင်းများ ပြုလုပ်မည်ဖြစ်ပါသည်။

(ခ) ရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးကို အဓိကဆက်စပ်ဆောင်ရွက်သော အဖွဲ့ ဖြစ်ပြီး အသစ်ဖွဲ့စည်းသော ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအုပ်ချုပ်ရေးဖြင့်ပေါင်းစပ်ကာ ကျေးရွာမှ ဖော်ထုတ်လိုက်သော ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များကို ပိုမိုပွင့်လင်းမြင်သာပြီး တာဝန်ခံယူမှုရှိ လာစေမည့်

နည်းလမ်းများကို သင်ယူလေ့လာပြီး ကျင့်သုံးခြင်းအားဖြင့် ဌာနများဖြင့်လည်းဝိုင်းစပ်နိုင်မည် ဖြစ်ပါသည်။

(ဂ) ကလေးငယ်များ ပိုမိုလုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ရေး၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိနိုင်ရေး သက်ဆိုင်ရာကျေးရွာများ၊ ဆရာ၊ဆရာများနှင့် ဌာနများ ဖြင့် ပူးပေါင်း ဆောင်ရွက် မည်ဖြစ်ပါသည်။

(ဃ) ကျေးရွာလမ်း၊တံတား၊ရေမိ၊ စသည်အခြေခံအဆောက်အဦများဝိုမိုတိုးတက်လာနိုင်စေရေးအတွက် ကျေးရွာအုပ်ချုပ်ရေး၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ ပူးပေါင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုင်းခတ်စည်ပင်သာယာရေးအဖွဲ့တို့အပြင် မိုင်းခတ်ဖွံ့ဖြိုးရေးနှင့်အထောက်အကူပြုအဖွဲ့တို့ကဲ့သို့သော အကူအညီပေးနိုင်မည့်အဖွဲ့အစည်းများ လူပုဂ္ဂိုလ်များဖြင့် ပူးပေါင်းပြီး တစ်ဆင့်ချင်း ရွာ၏တတ်နိုင်အားဖြင့် ချိန်ထိုးညှိနှိုင်းကာ သက်ဆိုင်ရာ ဘတ်ဂျက်နှစ်အလိုက်ဌာနများသို့ တင်ပြဆောင်ရွက်ပြီး ဘတ်ဂျက်ရရှိပါက အကောင်ထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

အဓိုးရ၏မူဝါဒနှင့် လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အဓိုးရဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေး ရွာ အဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အဓိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ်ပေးနိုင်ခဲ့ကြ ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပံ့မှန်စီစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အဓိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ် လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည် စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည် သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

CamScanner

(ခ) စိုက်ပျိုးရေး၊သစ်တော၊လယ်ယာမြေစီမံခန့်ခွဲရေးစာရင်းအင်းနှင့်ဆည်မြောင်းဦးစီးဌာနများ

ကျေးရွာ၏ စိုက်ပျိုးမြေနှင့်ရေကို ပိုမိထိရောက်စွာ စီမံခန့်ခွဲအသုံးချနိုင်ပြီး ထွက်နှုန်းတိုးကာ အမှန်တ ကယ်စိုက်ပျိုးသူ လယ်သမားများ အကောင်းဆုံးအကျိုးတရာခံစားရနိုင်ရေးတို့ကို ဦးတည်ပြီး သက်ဆိုင်ရာဌာနများဖြစ်သော စိုက်ပျိုးရေးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနတို့ဖြင့် ပေါင်းစပ်ကာ စိုက်ပျိုးရေး ခေတ်မီနည်းပညာများရရှိနိုင်ရေး (သဘာဝ မြေဩဇာသုံးစွဲသော) ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းမှထွက်သော သီးနှံများကို ဈေးကွက် ရရှိနိုင်ရေးအတွက် မိုင်းခတ်စည်ပင်သာယာ၊ ဟိုတယ်နှင့်ခရီးတို့ကဲ့သို့သော ဌာနများဖြင့် ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ဂ) တိုင်းရင်းသားရေးရာဝန်ကြီး၊ လားဟူရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ နှင့် အခြားအရပ်ဖက်လူမှုအဖွဲ့ အစည်းများ- အခါရိုးရာဓလေ့များထိန်းသိမ်းရေးနှင့် ယင်းသို့ထိန်းသိမ်းခြင်းနှင့်အတူ တစ်ဖက်တစ် လမ်းမှလည်း ပင်ငွေရရှိနိုင်ရေးအတွက် ရိုးရာအထည်များကို ခေတ်မှီဈေးကွက်အဆင့်အတန်းဝင်အောင် ဆန်းသစ်ဆောင်ရွက်ခြင်း၊ မိုင်းခတ်မြို့၏ ရှိပြီးဖြစ်သော ခရီးသွားကဏ္ဍတွင် သဘာဝပါတ်ဝန်းကျင်နှင့် ရိုး ရာယဉ်ကျေးမှုကို မထိခိုက်စေသော ခရီးသွားလုပ်ငန်းများ ထွန်းကားလာရေးများတွင် ပိုမိုပေါင်းစပ် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

(ဃ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

မိုင်းခတ်မြို့ပေါ်တွင်ပင် ဘဏ်လုပ်ငန်းဖွံ့ဖြိုးမှုအားနည်းသေးပြီး ကျေးရွာများကိုအခြေပြုသော ကျေးရွာများက လက်လှမ်းမီသော ဘဏ်လုပ်ငန်းများဖွံ့ဖြိုးစေရန် ဆောင်ရွက်သင့်သကဲ့သို့ ကျေးရွာများ အတွင်း ငွေစုငွေချေးခြင်းကဲ့သို့သော အလေ့အထများဖွံ့ဖြိုးစေရန် ဆောင်ရွက်သင့်ပြီး ငွေကြေးစီမံခန့် ခွဲနိုင်မှု စွမ်းရည်ကို မြှင့်တင်တည်ဆောင်ပေးရန် လိုအပ်ပါသည်။ မြစီမံးရောင် လည်ပါတ် ရံပုံငွေ ရရှိထားခြင်းကို ပိုမိုအားကောင်းအောင် ဆောင်ရွက်မည်ဖြစ်ပါသည်။

(ဃ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် အခြားကူညီထောက်ပံ့ပေးနိုင်သောအဖွဲ့အစည်း များ

ကျေးရွာအတွင်း ဖွံ့ဖြိုးရေးအမြင်များပွင့်လင်းလာသည်နှင့်အမျှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အနေဖြင့် ကျေးရွာလူထုလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မည့် စွမ်းဆောင်ရည်များတည်ဆောက်ရန် လိုအပ်ပါသည်။ ယင်းကို ဆောင်ရွက်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အခြားကူညီထောက်ပံ့ပေးနိုင်သော အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ကာ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုပွင့်လင့်မြင်သာစွာနှင့် တာဝန်ခံယူမှုရှိစွာ ဆောင်ရွက်သွားနိုင် စေမည် ဖြစ်ပါသည်။

CamScanner

(၉) အလယ်အလတ်စားစက်မှုလက်မှုလုပ်ငန်းများကိုဦးစားပေးအားပေးကိစ္စ

အသေးစားစက်မှုလုပ်ငန်းများကို အသေးဆုံးပိုအဆင့်သော ပုဂ္ဂိုလ်အတွင်းမှလုပ်ငန်းများဖြင့်ပို မျိုတ်ဆက်ကာ ထောက်ပံ့ပေးပါက လူမှုစီးပွားဖွံ့ဖြိုးရေးအပေါ်ဖြစ်စေပါသည်။ ထက်ပိုအခြေအနေတွင် မူ ကျေးရွာအနေဖြင့် ယင်းအထောက်အပံ့များကို လက်လုပ်မီးပိုနိုင်ခြင်းမရှိသောပါဟု အဖြေးအမီး အနည်းငယ်ကမူ စုက်ဈေးလုပ်ငန်းကို စီတ်ပါဝင်စားမှုရှိကြကြီး အခြားသီးနှံဟုတ်လုပ်မှုနှင့် ဆက်စပ်သော တစ်နိုင်စက်မှုလုပ်ငန်းများ ဥပမာ- ဖြောင်း နှင့် အာလူးကို အသင့်စားဟုန်ပိုင်းသော ထုတ်ကုန်တစ်မျိုးမျိုးအဖြစ် ပြောင်းလဲထုတ် လုပ်ခြင်းမျိုးဖြစ်ပါသည်။ ယင်းက တနိုင်းဖြောင်းလဲမှုကို ဖော်ဆောင်ပေး နိုင်သည်ဖြစ်သောကြောင့် အသေးလူမှုစီးပွားဈေးကွက်တစ်ခုပေါ်တွင်နိုင်ပါသည်။

ယင်းကို မူပါဒအထောက်အပံ့အဖြစ် သက်ဆိုင်ရာအဖက်အဆင့်များက မျိုတ်ဆက်ကူညီ နိုင်ရန်အရေးကြီးပါသည်။ အသေးစားဈေးလုပ်ငန်းကိုဆောင်ရွက်ရာတွင် အဓိကဖော်ထုတ်အော စိန်ခေါ်ချက်မှာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများပါးခြင်းဖြစ်ပါသည်။ ပင်ငွေရလုပ်ငန်း မရှိပဲ မည်သည့်အစီအစဉ်ဖြင့် ငွေဈေးသည်ဖြစ်စေ အလုပ်မလုပ်နိုင်ခြင်းကြောင့် ပင်ငွေမရအောက်တဲ့ ပြန်မဆပ်နိုင်လျှင် တိုးရင်းပေါင်းဆုံးက အခြေအနေပိုမိုဆိုးရွားသွားစေနိုင်ပါသည်။ တို့ကြောင့် နိုင်ငံတော်အနေဖြင့် ဈေးငွေအစီအစဉ်များကို အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းဖန်တီးခြင်း ဖြင့် ချိတ်ဆက်အကောင်ထည်ဖော်ရန်လိုပါသည်။ တို့ပြင် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်း ဖန်တီးခြင်း သည် ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန်လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာမှုမှ ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်ဆောင်နိုင်မည့် နည်းဗျူဟာ များအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည့် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် တရွာဈေးလှာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စီစစ်ရွေးချယ် ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာ လူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ် တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေး

နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေ သည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အဓိုးရာတက်ကွက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ် ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ် ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာန များအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေကြေး ရင်းနှီးမြှုပ်နှံမှုများ (Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေ ရင်းနှီးမြုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ် အထောက်အပံ့ နှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ

CamScanner

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းဆောင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရ ဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကလေးများအတွက်	ဖိုးမောကြီးနှင့် ဖိုးသာလေး	ဖိုးမောကြီးနှင့် ဖိုးသာလေး	ဖိုးမောကြီးနှင့် ဖိုးသာလေး	ဖိုးမောကြီးနှင့် ဖိုးသာလေး	ဖိုးမောကြီးနှင့် ဖိုးသာလေး
ကိုယ်ပိုင်ကိစ္စများ					
ကိုယ်ပိုင်ကိစ္စများ	ကိုယ်ပိုင်ကိစ္စများ	ကိုယ်ပိုင်ကိစ္စများ	ကိုယ်ပိုင်ကိစ္စများ	ကိုယ်ပိုင်ကိစ္စများ	ကိုယ်ပိုင်ကိစ္စများ

ကဏ္ဍ/လုပ်ငန်းကဏ္ဍခွဲ/လုပ်ငန်းခွဲ	စီမံချက်	စုစုပေါင်း	အဆင့်	စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက်
မျိုးကောင်းမျိုးသန့် အပါအဝင်နည်းပညာများ ပိုမိုရရှိရေး ဆောင်ရွက်ခြင်းဖြင့် သီးနှံထုတ်လုပ်မှု တိုးတက်လာရေး စီမံချက်	စိုက်ပျိုးနည်းပညာသင်တန်း			သက်ဆိုင်ရာဌာနများသို့ ဈေးတက် ဆက်ပြီး နည်းပညာ၊ ဌေးကြေး ဝန်ဆောင်မှုများနှင့် မျိုးကောင်း မျိုးသန့်ရယူအသုံးပြုလိုသော စီမံချက်ဖြစ်ပါသည်။
သဘာဝအရင်းအခြေစ်များထာကွယ်ထိန်းသိမ်းရေး				
ရေဝရေလဲတောကာကွယ်ထိန်းသိမ်းခြင်း စီမံချက်	ရေဝရေလဲတောကာကွယ်ထိန်းသိမ်းခြင်း	၁	၄	ကျေးရွာ၏မြေယာတိုင်းတာခြင်းနှင့်အတူ လက်ရှိ ရွာပိုင်သစ်တော ဥဝေကကို ပိုမိုထိန်းသိမ်းထားနိုင်မည့်နည်းလမ်းကို ကျေးရွာပွဲဖြိုးရေးကော်မတီက သစ်တောဦးစီးဌာနကို အကူအညီတောင်းပြီး ကျေးရွာအစုအဖွဲ့ပိုင်သစ်တောအဖြစ် ပိုမို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေးလုပ်ဆောင်ရန်ဖြစ်ပါသည်။
စိုက်ပျိုးစွမ်းဖြိုရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းများကဏ္ဍ				
ကျေးရွာ၏ဓလေ့ရိုးရာများနှင့်သဘာဝပါတ်ဝင်းကျင်ကို အခြေပြုပြီးသဘာဝအခြေခံရင်းသွားလုပ်ငန်းကိုလုပ်ဆောင်ရန်	သဘာဝအခြေခံရင်းသွားလုပ်ငန်း	၁	၄	ရွှန်ကျင်းရွာ၏ သာသာဓလေ့ထုံးစံများသည် ဂုံရှမ်းနှင့်နွယ်သော လည်းသီးခြားပုံစံတစ်ခုအဖြစ်တည်ရှိခြင်းကို ပိုမိုအားကောင်း စေရန်နှင့် ရှိပြီးသစ်တောကိုထိန်းသိမ်းထားခြင်းအားဖြင့် သဘာဝအခြေခံရင်းသွားလုပ်ငန်းကို ဆောင်ရွက်ရန်အလား အလာကောင်းပါသည်။ ကျေးရွာပွဲဖြိုးရေးကော်မတီက ရွာသူ ရွာသားများဖြင့် ပေါင်းစပ်ပြီး ပိုမိုတိုးတက်စောင့်ရှောက်ခြင်း။

CamScanner

ဆောင်ရွက်ပြီးစီးမှုကို ပြန်လည်သုံးသပ်ခြင်း

"ယခုလို ကျွန်တော်တို့ ဆောင်ရွက်ခဲ့ကြတဲ့ ဖြစ်စဉ်တွေဟာ ကျွန်တော်တို့ ကျောင်းအုပ်ကြီးအဖွဲ့ ရဲ့ ဆောင်ရွက်ချက်တွေ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့ကြတဲ့ အတွက် ကျွန်တော်တို့ ကျောင်းဟာ ဒီနှစ်မှာ ကျောင်းသားဦးရေ ၁၀၀ ကျော်ကနေ ၂၀၀ ကျော်အထိ တိုးတက်လာခဲ့ပါတယ်။ ဒီလို တိုးတက်လာတဲ့ အတွက် ကျွန်တော်တို့ ကျောင်းမှာ ဆရာ ဆရာမ အင်အားလည်း ၁၀ ယောက်ကနေ ၁၅ ယောက်အထိ တိုးတက်လာခဲ့ပါတယ်။ ဒီလို တိုးတက်လာတဲ့ အတွက် ကျွန်တော်တို့ ကျောင်းမှာ ကျောင်းသားတွေ အတွက် ကျောင်းသုံး ပစ္စည်းကိရိယာတွေ ပိုမိုပြည့်စုံလာခဲ့ပါတယ်။ ဒီလို ပြည့်စုံလာတဲ့ အတွက် ကျွန်တော်တို့ ကျောင်းဟာ ကျောင်းသားတွေ အတွက် ပိုမိုသင်ကြားရေး ကောင်းမွန်တဲ့ ကျောင်းတစ်ကျောင်း ဖြစ်လာခဲ့ပါတယ်။"

ကျေးဇူးတင်စကား ပြောကြားခြင်း

ကျေးဇူးတင်စကား ပြောကြားခြင်း ဆောင်ရွက်ပြီးစီးမှုကို ပြန်လည်သုံးသပ်ခြင်း

ထည့်သွင်းခြင်း ထည့်ဖွဲ့စပ်သွင်းခြင်း	စီမံချက်	ဖုံးလျှပ်း	အခန့်	စီမံချက်ကိုချုပ်းကြောင်းကျွန်းလင်းစေပြီးချက်
ကျိုက်သွင်သင်တန်းခြင်း	ကျိုက်သွင်သင်တန်းခြင်း	၃	၆	ကျား၊မရွာအတွင်းရှိပြီးပြီဖြစ်သော ကရင်ကန့်ဒဲ့ကရိုက်မှုကို ပြုပြင် သွယ်တန်းခြင်း လှပ်ဆောင်မည်စီမံချက် ဖြစ်ပါသည်၊ ကြိုင်းကျန်းမှုပြီးရေးပါကိစ္စ ကနဦး ဆောင်ရွက်ထားရှိပြီးသော ကရင်ကန့်ဒဲ့ကရိုက်မှုကို ဝိုဖိကောင်း မှန်သောနည်းပညာရှိအောင် ကျွမ်းကျင်သော ပုဂ္ဂိုလ်များဖြင့်ခေါ်ယူ ဒွန်းသိုဝင်ပြီးအကူအညီတောင်းခံမည် အစီအစဉ်ဖြစ်ပါသည်။
အိမ်သာ တည်ဆောက်ခြင်း	၂၈၆ခုအိမ်သာ ၂လုံးတည်ဆောက် ခြင်း	၃	၆	ကျား၊မရွာအတွင်း နေထိုင်ကြသော ရာထူးအဆင့်အလိုက် ကြည့်ရှုပ် ကုဒ်အိမ်သာ ၂ စနစ်ဖွဲ့ ၂ လုံး ကျား၊မခွဲပြီး တည်ဆောက် မည်စီမံချက်ဖြစ်ပါသည်။ ကျွမ်းကျင်ပြီးရေးသောစီမံက ကျွမ်းလက်ခေသုံးပြီးတိုးတက်ရေးဦးစီးဒုတန်ထသိုအကူအညီ တောင်းခံမည်အစီအစဉ်ဖြစ်ပါသည်။

(ඛ) ။ အကောင်ထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်း ကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ဇယား (၄၆) စီမံကိန်းကာလ

စဉ်	စီမံကိန်း	ဦးစားပေး အဆင့်	ကာလ						မှတ်ချက်
			၂၀၁၅	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	
၁	မိုင်းခတ်-ဖာလေလမ်းခင်းခြင်း	၁/၈	√	√	√	√			ကျေးလက်ဦးစီး
၂	မြေယာတိုင်းတာပြီး မှတ်ပုံတင်ခြင်း	၂/၇		√					
၃	စိုက်ပျိုးရေးနည်းပညာ သင်တန်း	၃/၆		√	√	√	√	√	
၄	ရေဝေရေလဲတောကာကွယ်ထိန်းသိမ်းရေး	၄/၅		√	√				
၅	ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း	၅/၄		√	√	√	√	√	
၆	အိမ်သာတည်ဆောက်ခြင်းနှင့်ရေပိုက်သွယ်တန်းခြင်း	၆/၃		√					ကျေးလက်ဦးစီး
၇	ကျေးလက်ဆေးပေးခန်း	၇/၂		√	√				ကျေးလက်ဦးစီး
၈	ရွှန်ကျင်းရွာဆွေးနွေးပွဲ	၈/၁		√	√	√			
၉	မိုင်းခတ်-ဖာလေလမ်းခင်းခြင်း	၁/၈	√	√	√	√			ကျေးလက်ဦးစီး

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြ ထားပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံ နှင့် အစီအစဉ်၊ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦးကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံကိန်းများကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလ အတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံကိန်းအလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ(indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

CamScanner

စဉ်	စီမံချက်	ရံပုံငွေ (ကျပ်)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			စွမ်းဆောင်ရည်မြင့်တင် ရေး	ငွေလုံးငွေရင်းအသုံး စရိတ်	အထွေထွေ ရင်းနှီးမြှုပ်နှံမှု	လူသားချင်း စာနာမှု အထောက်အပံ့
၁	မိုင်းခတ်-ဖာလေလမ်းခင်းခြင်း					
၂	မြေယာတိုင်းတာပြီး မှတ်ပုံတင်ခြင်း					
၃	စိုက်ပျိုးရေးနည်းပညာသင်တန်း					
၄	ရေဝေရေလဲတောကာကွယ်ထိန်းသိမ်းရေး					
၅	ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း					
၆	အိမ်သာတည်ဆောက်ခြင်း					
၇	ကျေးလက်ဆေးပေးခန်း					
၈	ရုန်ကျင်း၅ရွာဆွေးနွေးပွဲ					

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(က) ကျေးရွာလူထု (လူထုခေါင်းဆောင်မှု နှင့် စီမံခန့်ခွဲမှု အခန်းကဏ္ဍ)

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်သာ ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင် ပါမည်။ ဥပမာ - ပညာရေးကော်မတီသည် ကျေးရွာ၏ ပညာရေးကဏ္ဍ ပိုမိုကောင်းမွန်တိုးတက်လာစေရန် တာဝန်ယူ ဆောင်ရွက်စေ၍ စိုက်ပျိုးရေးကော်မတီသည် ကျေးရွာ၏ လယ်ယာကုန်ထုတ်ခြင်းလုပ်ငန်းများ တိုးတက်ရေးအတွက် တာဝန်ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း

ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ဆောင်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုအပိုင်းကို တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များကိုလည်း ရာဖွေဆက်သွယ် ပူးပေါင်းရန် လိုအပ်ပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် ဖြေရှင်းရန်

မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ - ပညာရေး ကော်မတီသည် ကျေးရွာရှိ စာသင်ကျောင်းတွင် ဆရာ၊ ဆရာမ လိုအပ်နေမှု (သို့) မူလတန်း ပညာရေး သင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်အခြေခံပညာဦးစီးဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက်ရပါမည်။ စိုက်ပျိုးရေးကော်မတီကလည်း လယ်ယာထုတ်ကုန် သီးနှံများတိုးမြှင့်ထုတ်လုပ်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆက်သွယ်၍ နည်းပညာဆိုင်ရာ အကူ အညီများရယူရန် လိုအပ်ပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်း အမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ် ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများ အတွက် အောက်ပါ အဖွဲ့အစည်း / ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ၊စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာ နှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့ အစည်းများ၊ လူထုအဖွဲ့အစည်းများ)ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်း လုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန် ပေးထားသော ကော်မတီ၏တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများ နှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်အကောင်အထည် ဖော်ရန်အတွက် အဆိုပြု စီမံကိန်း များကို ရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအနေဖြင့် ဆောင်ရွက်မည့်လုပ်ငန်း တစ်ခုစီချင်း စီ အတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များကို ရေးဆွဲထားရှိပါသည်။ ဥပမာအားဖြင့် ကျေးရွာ ကျောက်ချောလမ်းခင်းရန်အတွက် လိုအပ်သော ကုန်ကျစရိတ်များကို တွက်ချက်ရာတွင် ကျေးရွာလူထုမှ ထည့်ဝင်နိုင်မည့် လုပ်အားပမာဏ၊ ငွေကြေးထည့်ဝင်မှု၊ ပြင်ပ အကူအညီလိုအပ်မှု စသည်တို့ ပါဝင်ပြီး ၊ ရေရှည်တည်တံ့ရေး လုပ်ငန်းများတွင် ကျေးရွာလူထုမှ ရေနုတ်မြောင်းတူးဖော်ရေး၊ ပြုပြင်ထိန်းသိမ်းရေး အပိုင်းများတွင် လုပ်အား၊ ငွေအား ထည့်ဝင်မှု စသည်တို့ ပါဝင်ပါသည်။ စီမံချက်လုပ်ငန်းများ အကောင် အထည်ဖော်ရာတွင် လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအလိုက် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနာယက

CamScanner

များ၏ အကြံပြုချက်များကို ရယူရုံသာမက လုပ်ငန်း အကောင်အထည်ဖော်မှုများ အားလုံးအတွက် ငွေကြေးသုံးစွဲမှုများကို ပွင့်လင်းမြင်သာမှုရှိရေး အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင်ပူးပေါင်းပါဝင်သော နည်းလမ်း (Participatory Process) ဖြင့် ဆောင်ရွက်ရာတွင် အရေးကြီးသောလိုအပ်ချက်မှာ စီမံကိန်းများ အကောင်အထည် ဖော်ဆောင်မှု အဆင့်တိုင်း၌ လူတန်းစား အလွှာအသီးသီး၊ လူတန်းစားမရွေး ထိရောက်စွာ ပါဝင်ခွင့် ရရှိရေးပင် ဖြစ်ပါသည်။ သို့မှသာ လူထုက စီမံကိန်းလုပ်ငန်းများအပေါ် ပိုင်ရှင်စိတ်ဓာတ် ရှိလာပါမည်။ လူထု၏ ပိုင်ရှင် စိတ်ဓာတ်ရှိလာလေလေ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ၏ လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင် ထိန်းသိမ်းရေးအတွက် လူထုပါဝင်မှု အားကောင်းလေလေ ဖြစ်ပါမည်။ ၎င်းဖွံ့ဖြိုးရေး လုပ်ငန်းများ လည်ပတ်စရိတ်၊ ပြုပြင်စရိတ် စသည်တို့အတွက် လူထု၏ထည့်ဝင်မှု၊ ပူးပေါင်းပါဝင်မှု မရှိလျှင် တည်ထောင်ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်းများ မတည်မြဲ နိုင်ပါ။

အကောင်အထည်ဖော် ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ လုပ်ငန်းရည်ရွယ်ချက်နှင့် သဘော သဘာဝများမှာ လုပ်ငန်းအလိုက် ကွဲပြားပါသည်။ ထို့ကြောင့် လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင် ထိန်း သိမ်းရေး အစီအစဉ်များအတွက် စီစဉ်ဆောင်ရွက်ပုံများမှာလည်း ကွဲပြားပါသည်။ ကျေးရွာတွင်း ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအလိုက် လုပ်ငန်းများ လည်ပတ်ရေး၊ ပြုပြင် ထိန်းသိမ်း ရေးအတွက် သက်ဆိုင်ရာအဖွဲ့များကို အောက်ပါပုံစံများဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်သွားမည် ဖြစ်ပါ သည်။

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ် ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့် အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။ ကြီးကြပ် စစ်ဆေး သုံးသပ်ရခြင်း၏ ရည်ရွယ်ချက် များမှာ -

- စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုများအား အပြဲမပြတ်ကြည့်ရှု၍ စီမံခန့်ခွဲရန် ၊
- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ ပြီးမြောက်အောင်မြင်မှုများအား လေ့လာခြင်းအားဖြင့် ၄င်းတို့၏ အကျိုးရလဒ်များကို ရှင်းလင်းစွာ နားလည် သဘောပေါက်လာစေရန်၊
- ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ဖော်ထုတ်သိရှိနိုင်ရန်နှင့် ဦးစားပေး ဖြေရှင်းရမည်များကို သတ်မှတ်ဆောင်ရွက်နိုင်ရန်၊
- ဆောင်ရွက်နေသော စီမံကိန်းအတွေ့အကြုံများအပေါ်တွင် အခြေခံ၍အသုံးပြုနေသော ဖွံ့ဖြိုးရေး ဗျူဟာကို ချိန်ညှိနိုင်ခြင်းအားဖြင့် သင့်လျော်သော ဖွံ့ဖြိုးရေးအစီအစဉ်များ ရွေးချယ် ဆောင် ရွက်နိုင်ရန်၊

CamScanner

- နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများနှင့် အခြားဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများထံမှ လိုအပ်သော ဖွံ့ဖြိုးရေး အကူအညီများ တိတိကျကျ သတ်မှတ်နိုင်ရန်၊

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော် သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများ ကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွ စွာ အတူပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက် နေသော အဖွဲ့ခွဲ အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့ခွဲများသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများ ဖြစ်လာပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေးခေါ် အစီရင်ခံ တင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များ အဝေါ် ဦး တည် ပါမည်။

(ခ) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ အကောင်အထည် ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ။ ပြုပြင်ပြောင်း လဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထား ချက်နှင့် နှိုင်းယှဉ်၍)၊ (၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊ ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊

ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြိုးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာပုဒ်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(၈) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေး နှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများနှင့် သက်ဆိုင်သောမြို့နယ်ဦးစီးဌာနများ၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် သုံးသပ်ပွဲတွင် အောက်ပါအချက်များအပေါ် အဓိကအလေးထား ဆောင်ရွက်ပါမည် -

- စီမံကိန်းလုပ်ငန်းများမှ ရရှိခဲ့သော လက်ငင်းရလာဒ်များ နှင့် အကျိုးသက်ရောက်မှုများ၊စီမံကိန်းတစ်ခုချင်းစီ၏ ကျေးရွာလူထုဖွံ့ဖြိုးရေးအပေါ် အကျိုးသက်ရောက်မှုများအား အကဲဖြတ် သုံးသပ်ချက်များ၊
- ဖွံ့ဖြိုးရေးအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ နှင့် စိန်ခေါ်မှုများ၊
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဗဟိုအဆင့်မှ ကူညီအားဖြည့်ရမည့် မူဝါဒ နှင့် စီမံကိန်းအထောက်အပံ့များ လိုအပ်မှုအခြေအနေ၊ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်မှုမှ ရရှိသော သင်ခန်းစာများ (အခြားရွာများနှင့် အခြားဒေသရွာများသို့ အပြန်အလှန်မျှဝေနိုင်ရန်) ဘတ်ဂျက် ရရှိမှုနှင့် လုံလောက်မှုအခြေအနေ၊ အကြံပြု သုံးသပ်ချက်များတို့ ဖြစ်ပါသည်။

CamScanner

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် သုံးသပ်ပွဲအစီရင်ခံစာကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက အနှစ်ချုပ်ပြုစုပြင်ဆင်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အစီရင်ခံပါမည်။ အစီရင်ခံစာသည် စာမျက်နှာ (၂-၃) မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထား ဖော်ပြပါမည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အဓိကအကျဆုံးသော အရေးကြီးသည့် အကြောင်းအရာနှင့် စိန်ခေါ်မှုများ၊ ပြုပြင်ဆောင်ရွက်ရမည့် အဆိုပြုအစီအစဉ် နှင့် နိဂုံးတော် အစိုးရအဖွဲ့အစည်းများထံမှ လိုအပ်သည့် အကူအညီ စသည်တို့ ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်း အလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

CamScanner

၁။ ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

ဇယား ၁။ လူဦးရေ နှင့် လူဦးရေဆိုင်ရာအချက်အလက်

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	မှတ်ချက်ပြုရန်အမြင်အရဖွဲ့စြားထားပုံ
၁ နှစ်အောက်	-	-			နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၁၁	၈	၁၉	၄.၅၃%	၅ နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၂၈	၁၈	၄၆	၁၀.၉၇%	မူလတန်းကျောင်းနေအရွယ်
၉နှစ်မှ ၁၄နှစ်	၂၂	၂၁	၄၃	၁၀.၂၆	အလယ်တန်းကျောင်းနေအရွယ်
၁၄နှစ်မှ ၆၀နှစ်	၁၃၆	၁၅၂	၂၈၈	၆၈.၇၃%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀နှစ်နှင့်အထက်	၁၁	၁၂	၂၃	၅.၄၈%	သက်ကြီးရွယ်ကြီး
စုစုပေါင်း:	၂၀၈	၂၁၁	၄၁၉	၁၀၀%	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၃-၂၄ စက်တင်ဘာ ၂၀၁၅)

လေ့လာတွေ့ရှိချက်

ဖာလေရွာသည် မိုင်းခတ်မြို့နယ်အတွင်း ဖာလံကော် ကျေးရွာအုပ်စုအတွင်းတွင် ရှိသော ကျေးရွာတစ်ရွာဖြစ်ပြီး အိမ်ခြေ ၅၈စုနှင့် လူဦးရေစုစုပေါင်း ၄၁၉ ဦးနေထိုင်လျက်ရှိပါသည်။ ထို့ ကြောင့် တစ်အိမ်ထောင်လျှင် ၇.၂၂ ဦးနှုန်းနေထိုင်သည်ဟု ဆိုနိုင်ပါသည်။ ကျား၊ မ ကွာခြားမှုအနေဖြင့် လူဦးရေ စုစုပေါင်းတွင် မဦးရေက ၃ဦးသာပိုပါသည်။ အသက်၁နှစ်အောက် နို့စို့အရွယ်မရှိခြင်းသည် ထူးခြားချက်ဖြစ်ကာ ယင်းမှာ စာရင်းကောက်ယူနေစဉ်ကာလတွင်သာဖြစ်ပါသည်။ အလုပ်လုပ်နိုင်သူ အသက်အရွယ်တွင်လည်း အမျိုးသမီးဦးရေက ၁၆ဦးထိပိုပါသည်။ အမျိုးသမီးဦးဆောင် အိမ်ထောင်စု ၆ စု ရှိပြီး ယင်းမှာ အိမ်ထောင်စု စုစုပေါင်း၏ ၁၀.၃၄ % ကို ကိုယ်စားပြုပါသည်။

CamScanner

၁.၂။ လုပ်သားအင်အား

ဇယား ၂။ ။ လုပ်သားအင်အား

လုပ်ငန်း	အိမ်ထောင်စုပေါင်း	ရာခိုင်နှုန်း	မှတ်ချက်
တောင်သူ (ယာပိုင်)	၃၃	၅၆.၈၃	
တောင်သူ(ယာပိုင်)+ပန်းပဲ	၂	၃.၄၄	ဓါးပြတိန်ရာသာလုပ်ကွက်
တောင်သူ(ယာပိုင်)+ဆန်စက်ငယ်	၂၃	၃၉.၆၅	
စုစုပေါင်း	၅၈	၁၀၀%	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၃-၂၄ စက်တင်ဘာ ၂၀၁၅)

လေ့လာတွေ့ရှိချက် ။ ။ ထူးခြားချက်မှာ အိမ်ထောင်စုအားလုံးသည် စိုက်ပျိုးရေးကိုသာလုပ်ကိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းသီးသန့်လုပ်ကိုင်စားသူတစ်ဦးမျှမရှိပါ။

၁.၃။ စိုက်ပျိုးနိုင်သော မြေဧရိယာ

၁.၃.၁။ ဇယား ၃ကျေးရွာ၏ စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (ကောင်း၊သင့်၊ညံ့)	ဆည်ရေရရှိမှု	ရေအရင်းအမြစ်(ရရှိသည့်နေရာ/ ရေပေးနိုင်သည့် ဧက)
လယ်မြေ	၇.၅ဧက	သင့်	မရှိ	ကောင်ကျေးရွာင်းတစ်ရောင်းသာရှိ ပြိုးယင်းမှရေလုံလောက်မှုရှိ
ယာမြေ	၉၁.၃ဧက	သင့်	မရှိ	မိုးကောင်းသောကြောင့်
ဥယျာဉ်ခြံမြေ				
ရွာဝိုင်းသစ်တော	၃၀ဧက	ကောင်း	မရှိ	တောင်ကျေးရွာင်းများနှင့်မိုးရေ
စားကျက်မြေ				
စုစုပေါင်း	၁၂၈.၈ဧက			တစ်အိမ်တောင်လျှင် ၂.၂၂ ဧကရှိ

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၃-၂၄ စက်တင်ဘာ ၂၀၁၅)

၁.၃.၂။ ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား ၄။ ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရှိနိုင်မှု (များ၊သင့်၊နည်း၊မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်၊ခက်၊လက်လမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	မရှိ	
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်မီး သွေး ၊သဲ)	ကျောက်အနည်းငယ်ရှိ	ခက်
အခြားသဘာဝအရင်းအမြစ်		
တိရိစ္ဆာန်မျိုးစိတ်များ	ကျိ၊တောကြက်၊တောဝက် (လွန်ခဲ့သော နှစ်၃၀ခန့်က ကျားနှင့် ဝက်ဝံများရှိခဲ့)	ခက်
အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်)	ရွာပိုင်သစ်တောအတွင်း သစ်မျိုးများကျန်ရှိနေသေး။ ဥပမာ-ဆင်တုံးမန္ဒယ်၊သရဲင်းကြီး၊ သစ်ခွ ၊ ဝါးမျိုးစိတ်၃-၄မျိုး	လွယ်

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၃-၂၄ စက်တင်ဘာ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ တောင်ပေါ်ရွာဖြစ်ပြီး အပြိုင်တောင်ယာများစိုက်ပျိုးရန် သစ်ခုတ်ခြင်းကြောင့် သစ်တောများ ပြုန်းတီးကာ တောင်ကတုန်းများ ပိုမိုပေါ်ထွက်လာပါသည်။

၁.၄။ ဥစ္စာဓနအဆင့်အတန်း

ဇယား ၅။ ။ ကျေးရွာ၏ ဥစ္စာဓနအဆင့်အတန်း

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	အဆင်ပြေသော အိမ်ထောင်စု	အလွန်ဆင်းရဲသောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု (လယ်/ယာ)	လယ် ၁ဧက ယာ ၂ ဧက	ယာ ၁မှ ၂ဧက	ယာ ၁ဧက နှင့် အောက်	ယာ ၅၅ ဧက

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေ သော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	အဆင်ပြေ သော အိမ်ထောင်စု	အလွန်ဆင်းရဲ သောအိမ်ထောင်စု
အိမ်အခြေအနေ	ပျဉ်ကာ၊ပျဉ်ခင်း၊ အုတ်ကြွပ်မိုး၊ ခြေတံရှည်အိမ်ကြီး	ပျဉ်ကာ၊ဝါးခင်း၊ သွပ်မိုး၊ခြေတံရှည် အိမ်ကြီး	ပျဉ်ကာ၊ဝါးခင်း သွပ်/သက်ကယ် မိုး-ခြေတံရှည်	ဝါးကာ၊ဝါးခင်း၊ သက်ကယ်မိုး
ယာဉ်၊ကားပိုင် ဆိုင်မှု	ဆိုင်ကယ်(ထိုင်း ဘီး)	ဆိုင်ကယ်-တရုတ်	ဆိုင်ကယ်-တရုတ်	မရှိ
လုပ်ငန်းသုံးကိရိ ယာ ပိုင်ဆိုင်မှု	လက်တွန်းထွန်စက်၊ ဆန်စက်ငယ်၊ ပေါက်ပြား။	ပေါက်ပြား၊ဓား၊ ကောက်ဆွေ၊တံစဉ်	ပေါက်ပြား၊ဓား၊ ကောက်ဆွေ၊တံစဉ်	ပေါက်ပြား၊ဓား၊ ကောက်ဆွေ၊တံစဉ်
မွေးမြူရေး	နွား ၅-၆၊ ဝက်၂-၃ ကြက်ကောင်ရေများ	နွား ၂-၃၊ဝက် ၂-၃ ကြက် ၅ကောင်	နွား၁-၂၊ဝက်၂-၃ နှင့်ကြက်အချို့။	ဝက်၂-၃နှင့်ကြက်
ကုန်ထုတ်လုပ်မှု နှင့်မဆိုင်သော ပိုင်ဆိုင်မှု	စပါးကျီ	စပါးကျီ	စပါးကျီ	စပါးကျီ
ဓိမ်ခံပစ္စည်း	စလောင်း၊တိဗွီ၊ ဆိုလာ၊	၊စလောင်း၊တိဗွီ၊ ဆိုလာ	စလောင်း၊တိဗွီ၊ ဆိုလာ-ဘတ္ထရီ	မရှိ
အဓိကစီးပွားရေး လုပ်ငန်းနှင့်တစ် နှစ်ဝင်ငွေ	တောင်သူ ဝမ်းစာစပါး+ ၇သိန်း(ယွမ်၃၅၀၀)	တောင်သူ ဝမ်းစာ+ ၆သိန်း	တောင်သူ ဝမ်းစာ+ ၃သိန်း	တောင်သူ၊ အငှားလိုက် ဝမ်းစာ+၂သိန်း
ခန့်မှန်းအိမ် ထောင်စု	၁၅	၂၁	၁၃	၅

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၃-၂၄ စက်တင်ဘာ ၂၀၁၅)

၁.၅ ဝမ်းစာပူလုံမှု၊ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်အခြေအနေ

၁.၅.၁ ဝမ်းစာပူလုံမှု

ဇယား ၆ ။ ။ဝမ်းစာပူလုံမှုအခြေအနေ

ရွေးဌားခြင်းမပြုပဲ ထမင်းပုံမှန်/နပ်မှန်အောင်စားသောက်နိုင်သည့်မိသားစု ၄၄ စု

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့်နည်းဗျူဟာ
၃လအောက်	၃	၅.၁၇%	ဆွေမျိုးထံမှချေးငှား
၃လနှင့်၅လအထိ	၁၁	၁၉%	ဆွေမျိုးထံမှချေးငှား
၆လမှ၁၂လအထိ	၄၄	၇၅.၈၆%	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၃-၂၄ စက်တင်ဘာ ၂၀၁၅)

၁.၆ ထိခိုက်လွယ်မှု

၁.၆.၁ ထိခိုက်လွယ်သော လူပုဂ္ဂိုလ်အစု

ဇယား ၇။ ။ ထိခိုက်လွယ်ပုဂ္ဂိုလ်များ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို (အသက်၆၀နှစ်နှင့်အထက်)	မိသားစုစောင့်ရှောက်မှုမရှိ	၂	၂	၄
မသန်စွမ်းသည့်ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ			
				အိမ်ထောင်စုအရေအတွက်
အမျိုးသမီးဦးဆောင်အိမ်ထောင်စု	ဆင်းရဲ၍မိသားစုများ			
မုဆိုးဖို/တစ်ခုလပ်	ဆင်းရဲ၍မိသားစုများ			
ဆင်းရဲသည့်အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွား ရောက်နေထိုင်လုပ်ကိုင်ရသူ			

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၃-၂၄ စက်တင်ဘာ ၂၀၁၅)

CamScanner

စာသား ၈။ ဓာတုဗေဒ၏ လိုနိုက်လွယ်အပြောင်းအလဲ

စဉ်	လိုနိုက်လွယ်မှုဆိုင်ရာအချက်	နိမ့်/လတ်/မြင့်	မှတ်ချက်
၁	စားနပ်ရိက္ခာမပြတ်လပ်မှု	နိမ့်	ရွာ၊ ဝမ်းစာဖူလုံအောင်စုဆောင်းထားနိုင်ပြီး အခက်တွေ့လျှင် ဆွေးမျိုး အချင်းချင်းကူညီဖြေရှင်း
၂	သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊နိုက်ပျိုးရေစသည်)	မြင့်	တောင်ကျရောင်း ၁ ရှိသော်လည်းမိုးရာသီမှသာ လယ်ရသွင်းနိုင်၊ ရွှေပြောင်းတောင်ယာစနစ်ကိုအကန့်အသတ်နှင့် ဆက်လက်ကျင့်သုံးနေဆဲ ဖြစ်ပြီးလက်ရှိတောင်ယာဧကများထက် ထပ်မံချဲ့ ထွင်ရန်မဖြစ်နိုင်တော့။ မိုးကောင်းသောက်တစ်မျိုးတည်းသာ အားကိုး။
၃	ရေကြီးခြင်း	နိမ့်	ဖွန်၊ ဇူလိုင် မိုးရေကြီး လယ်ရေလွှမ်း၊ပျက်စီး မှု နည်း။ ရေလွှမ်းလယ် ပိုင်ရှင်များ
၄	မိုးခေါင်ခြင်း	လတ်	တစ်ရွာလုံး မိုးရွာခြင်းပုံစံပြောင်းလဲမှု ကိုကြုံတွေ့ရပြီး မိုးရေချိန် ရရှိမှုပုံစံမမှန်။
၅	မုန်တိုင်း	နိမ့်	တစ်ရွာလုံး လေကြမ်းများကျခြင်းကိုပိုမိုကြုံတွေ့လာရ။
၆	လေျင်	နိမ့်	တစ်ရွာလုံး မကြုံတွေ့ဖူး
၇	မီးဘေး	လတ်	တစ်ရွာလုံး အိမ်များနှင့်စပါးကျီများ နီးကပ်စွာဆောက်ထား ပြီးရွာဇရိယာကျဉ်း
၈	ဆားငံရေဝင်မြေ		
၉	မြေပြိုခြင်း၊မြေဆီလွှာပျက်ခြင်း	လတ်	တစ်ရွာလုံး ၂၀၁၄ခုနှစ်မိုးရာသီက ရေကြီးမြေပြိုမှုကြောင့် စိမ့်စမ်းရေသွယ်ပိုက် အလုံး၁၀၀ ကွဲပျက်။
၁၀	သစ်တောပြုန်း တီးခြင်း	မြင့်	တစ်ရွာလုံး ရွာပိုင်သင်းချိုင်းကုန်း သစ်တောကို ထိန်းသိမ်း ထားသော်လည်း ဆက်စပ်ကျယ်ပြန့်ဇရိယာများရှိ မိုင်းကာမြို့နှင့်တစ်ဝိုက် သစ်တောများမှာ တရုတ်က ဝယ်ယူမှုကြောင့် သစ် ထုတ်လုပ်ခြင်းအားဖြင့် သစ်တောပြုန်းကာ ရာသီဥတုမမှန်တော့။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	နိမ့်၊လတ်၊မြင့်	မှတ်ချက်
၁၁	၄က်ဖျားရောဂါ	နိမ့်	မဖြစ်ပွား
၁၂	တီဘီရောဂါ	နိမ့်	ဖြစ်ပွားမှုမရှိသေး
၁၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်	ဖြစ်ပွားမှုမကြုံတွေ့ရသေး
၁၄	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းရသူ များ (IDP)	နိမ့်	မကြုံတွေ့ဘူး
၁၅	လူကုန်ကူးခံရခြင်း	နိမ့်	မရှိ
၁၆	ဝေးလံသီခေါင်၊လမ်းပန်းခက်ခဲ	နိမ့်	တစ်ရွာလုံး
၁၇	အခြား (ရေရှားပါးမှု၊ ယင်လုံ အိမ်သာနှင့်ဝမ်းရော ဂါ)	မြင့်	တစ်ရွာလုံး ၂၀၁၅ခုနှစ်က ဝမ်းပျက် ဝမ်းလျှောရောဂါကြောင့် လူ၂၀ဦးသေ။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၃-၂၄ စက်တင်ဘာ ၂၀၁၅)

၁.၆.၃ မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း။

ဇယား ၉ ။ ။ ထိခိုက်လွယ်သူများ

စဉ်	အမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	မူးယစ်ဆေး၀ါးအလွယ်တကူရရှိနိုင်။ လူကြီးများကိုယ်တိုင် အရက်သေစာသောက်စားမှုများပြား(၀လေ့ထုံးတမ်းအရ)။ မိဘများကလည်း ပညာရေးအားမပေးခြင်းကြောင့် ၄တန်းထိနေဖူးသူပင်ရှားပါး။ လွန်ခဲ့သော ၄-၅နှစ်မှစတင်ပြီး ယိုးဒယားနယ်စပ်၊တာချီ

စဉ်	အမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			လိတ်-မိုင်းဖုန်း ဒေသများသို့ တောင်သူ အဖွဲ့သားများရောက်လုပ်ကိုင်သူ လူငယ်များပြားလာ။
၂	အမျိုးသမီးဦးဆောင်ဆင်းရဲအိမ်ထောင်စု	လတ်	မိသားစုများသော်လည်း အလုပ်အကိုင် ကောင်းပြီး ရပ်တည်နိုင်။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသ		
၅	မြစ်ကမ်းဘေးနေလူထု		
၆	မတော်တဆဖြစ်နိုင်ခြေများသော နေရာ(prone to accident)	လတ်	ရွာ၏အရှေ့မြောက်ဘက်ရှိ လျှိုမတ် စောက်ခြင်းကြောင့် အန္တရာယ်ဖြစ်နိုင်ခြေများသော်လည်းဖြစ်ပွားမှုမရှိသေး။
၇	(IDP) ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ		
၉	ငါးကန်ပိုင်ရှင်		
၁၀	လက်လုပ်လက်စားများ၊ ကျပန်း		
၁၁	လူနည်းစုလူမျိုးများ		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာ	လတ်	လွန်ခဲ့သော ၂၅ နှစ်က ပ-ဗမာ တိုက်ပွဲကြောင့် ကျွဲ၊ နွား တိရိစ္ဆာန်များ သေဆုံး ရပြီး တစ်ရွာလုံးတောထဲ တွင် ၃လ ခန့်ပုန်းအောင်းနေခဲ့ရသည်။
၁၃	နယ်စပ်ဒေသ		

စဉ်	အမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၄	ရွှေတွင်းလုပ်သားများ		
၁၅	ဆေးစွဲသူများ		
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ		
၁၇	ရွှေပြောင်းလုပ်သားများ		
၁၈	လှည့်လည်သွားလာဈေးရောင်းသူများ		
၁၉	ကားသမား		
၂၀	အခြား		

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၃-၂၄ စက်တင်ဘာ ၂၀၁၅)

၂ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

၂.၁.၁ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား ၁၀ ။ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ ကျား	မ	ပေါင်း	လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅/၆)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
၁	အုပ်ချုပ်ရေးအဖွဲ့		၁၄		၁၄	ကျေးရွာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	၅	၇
၂	ကျောင်းအကျိုးတော်ဆောင်	၂	၂		၂	ကျောင်းလိုအပ်ချက်များကိုစီမံခန့်ခွဲရန်	၄	၈
၃	မိဘဆရာအသင်း	၂	၃	၂	၅	ကလေးပညာရည်တိုးတက်ရေး	၄	၈
၄	မီးသတ်အဖွဲ့	၂	၂		၂	မီးဘေးကာကွယ်ရေး သတိပေး	၅	၇

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၀/၂/၃)	အဖွဲ့ဝင်ဦးရေ ကာ	မာ	ပေါင်း	လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅/၆)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
၅	ဂေါပကအဖွဲ့	၃	၄		၄	ဘုန်းကြီးကျောင်း ဝေယျာဝစ္စ၊သာသနာရေးကိစ္စများနှင့် ဘုန်းကြီးကျောင်း ရုန်ပုံငွေကို စီမံခန့်ခွဲ	၄	၆
၆	လူပျိုအဖွဲ့	၂	၂၀		၂၀	အလှူအတန်းများ တွင် အိုးစည်တီး	၄	၆
၇	အပျိုအဖွဲ့	၂၃		၂၀	၂၀	မှုတ် ခြည့်ခံပေး အလှူအတန်းများ တွင်အလှဆင်ခြင်း၊ ခြည့်ခံခြင်း	၄	၆

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသား‌များ‌ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း‌မှ ရရှိသော သတင်းအချက်အလက်များ (၂၃-၂၄ စက်တင်ဘာ ၂၀၁၅)

၂.၁.၂ ဖွံ့ဖြိုးရေးအထောက်အပံ့အတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား ၁၁။ ။ ဖွံ့ဖြိုးရေးအထောက်အပံ့အတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၀/၂/၃/၄/၅/၆/၇)	လုပ်ငန်းတာဝန်နှင့်အစီအစဉ်
၁	ကြိုခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ		မိုင်းယန်း-ဖာလေလမ်းကို ချဲ့ထွင်ပြုပြင်ပေး။စီမံ့စမ်းရေသွယ်ယူရန် ပိုက် အချောင်း ၂၀၀၀ ထောက်ပံ့ပေး
၂			
၃			
၄			
၅			
၆			
၇			

ရည်ညွှန်း- ကျေးရွာအခြေအနေကို ကျေးရွာသူ၊ကျေးရွာသား‌များ‌ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း‌မှ ရရှိသော သတင်းအချက်အလက်များ (၂၃-၂၄ စက်တင်ဘာ၂၀၁၅)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပါတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

